# ဒိုဗ

မနန်းနှင်းရည်အေး

ကာတွန်းသရုပ်ဖော် – အဲဒီဗေဒါ




Third Story Project

in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

This publication series is supported by the KBZ Bank Literacy Grant.

ခရုလေးနာမည်က ပျော်ရွှင်ရွှင်တဲ့။
နာမည်နဲ့လိုက်အောင် ပျော်တတ်တဲ့ခရုလေးပေါ့။
သိပ်လှတဲ့ သူ့ရဲ့ခရုခွံကြောင့်လည်း နာမည်ကျော်ကြားတယ်လေ။
ပြာလဲ့နေတဲ့ သမုဒ္ဒရာထဲမှာ မိသားစုနဲ့ အတူနေပါတယ်။



ဘီး (၁) ချောင်း၊ ပုလင်း (၂) လုံးနဲ့ ခဲတံ (၂) ချောင်းကို တွေ့အောင်ရှာပါ။



သိပ်လှတဲ့ ကျောက်ခက်ရေမှော်တွေကြားမှာ သူငယ်ချင်းတွေနဲ့ ကစားတယ်။ နေ့ရက်တိုင်းဟာ ခုလိုပျော်စရာကောင်းနေရင် သိပ်ကောင်းမှာပဲလို့ ခရုလေးတွေးမိတယ်။

သော့ (၃) ချောင်း၊ ကတ်ကြေး (၂) လက်ကို တွေ့အောင်ရှာပါ။



တစ်ရက်မှာတော့ ဦးရဲကြီးရေဘဝဲနဲ့ ဦးရဲကြီးဂဏန်းတို့ ရောက်လာပြီး ကလေးတွေကို ပြောတယ်။ အန္တရာယ်များတဲ့ ကမ်းခြေကို မသွားဖို့မှာသတဲ့။

ခရုလေးကတော့ ဘာဖြစ်လို့လဲဆိုတာ မေးကြည့်တယ်။ ဦးဦးဂဏန်းကပြောတယ် “မင်းတို့လေးတွေက သိပ်လှတော့ လိုချင်သူတွေများတယ်” တဲ့လေ။

သံဘူး (၃) ဘူး၊ ဖုန်း (၂) လုံးကို တွေ့အောင်ရှာပါ။

လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာကို
ခရုလေး သိပ်သဘောကျသွားတယ်။
ကမ်းခြေဆိုတာ ဘယ်လိုများပါလိမ့်နော်။ သွားကြည့်ဖို့အတွက်
ကြယ်ငါးလေးနဲ့ တိုင်ပင်ကြည့်တယ်။
တစ်ရက်တော့ သွားကြမယ်။



ပုလဲကုံး (၂) ကုံး၊ ခရုခွံ (၄) ခုကို တွေ့အောင်ရှာပါ။

နေရောင်ခြည်တွေ နွေးနေတဲ့ ကမ်းခြေဟာ သိပ်လှပါလား။
လူတွေလည်း သွားလာနေကြတယ်။
ကြယ်ငါးလေးက “ပျော်ရွှင်ရွှင်ရေ ငါတို့ပြန်ကြရအောင်” လို့
ပြောပေမယ့် ခရုလေးက နေချင်သေးတယ်။



နာရီ (၂) လုံး၊ အုန်းပင် (၅) ပင်ကို တွေ့အောင်ရှာပါ။



ခရုကောက်သူတွေ ရောက်လာကြတယ်။
“ဟာ ခရုအနီလေး သိပ်လှပါလား။ လည်ဆွဲ လုပ်ရမယ်ဟေ့” လို့
တစ်ယောက်က ပြောတယ်။ သူ့ကို ဘယ်ခေါ်သွားမလို့ပါလိမ့်။
ကြယ်ငါးလေးကိုတော့ သူတို့မမြင်သွားကြဘူး။

ဘောကွင်း (၄) ကွင်း၊ ခြင်းတောင်း (၃) ခုကို တွေ့အောင်ရှာပါ။



တောင်းကြီးတစ်ခုထဲမှာ နေရတယ်။ ပြာစိမ်းနေတဲ့
ရေတွေလည်း မရှိတော့ဘူး။ ခရုလေးတစ်ကောင်က
ပြောတယ် “ငါတို့ကို ဟင်းပွဲအရင်လုပ်မှာ” တဲ့။
ဟင်းပွဲထဲတော့ မရောက်ချင်ပါ။

ငါးမျှားချိတ် (၃) ချိတ်နဲ့ ကျောက်ဆူး (၂) ချောင်းကို တွေ့အောင်ရှာပါ။

“ခရုလေး ပျော်ရွှင်ရွှင်ရေ မြန်မြန်တက်ခဲ့ဟေ့” ဆိုတဲ့အသံကို ကြားလိုက်ရတယ်။ သူနေတဲ့တောင်းထဲကို ရေဘဝဲလက်ချောင်းကြီး ဝင်လာတယ်။ “ဦးဦးရေဘဝဲ လာကယ်တာပါလား။”



မျက်မှန် (၂) လက်၊ ပိုက်ဆံအိတ် (၂) လုံး ကိုတွေ့အောင်ရှာပါ။



ကမ်းခြေစောင့်ခွေးကြီးက ဦးဦးဂဏန်း၊ ဦးဦးရေဘဝဲတို့ရဲ့
ယယ်သူငယ်ချင်းလေ။ သူက ကူညီတာ။

ရွက်လှေ (၂) စင်း၊ ထီး (၃) လက်ကို တွေ့အောင်ရှာပါ။



ကိုယ့်ဒေသက အကောင်းဆုံးပဲလေ။ လွတ်လပ်တယ်။ ပျော်စရာကောင်းတယ်။ ကိုယ့်ဒေသကောင်းကျိုးကို ဝိုင်းဝန်းဆောင်ရွက်ကြရမယ်။ အရွယ်ရောက်မှ နေရာသစ်ကို အတူတူသွားလည်ကြမယ်။

စာအုပ် (၃) အုပ်၊ တူ (၂) လက်ကို တွေ့အောင်ရှာပါ။

# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ

ခရုကောက်သူတွေက
ပျော်ရွှင်ရွှင်ကိုခေါ်သွားတာ
ဦးဦးရဲတွေက ဘယ်လိုသိတာလဲ။
ဘယ်သူက သွားပြောပေးတာလဲ။





လူကြီးတွေမသိအောင်
တစ်ယောက်ယောက်ကလာခေါ်ရင်
ဘယ်လိုပြန်ပြောမလဲ။

သူငယ်ချင်းတစ်ယောက်ယောက်ကို
အဝေးကြီးသွားဖို့
တစ်ယောက်ယောက်ကခေါ်နေရင်
ဘာလုပ်မလဲ။





ကလေးတို့ရေ လူကြီးမပါဘဲ
ဘယ်နေရာတွေကိုသွားလို့ရလဲ။
လူကြီးတွေနဲ့ အတူသွားနိုင်တာ
ဘယ်နေရာတွေလဲ။

အကြောင်းအမျိုးမျိုးကြောင့် မိဘနှင့်ကင်းကွာနေသော ကလေးငယ်များကို အထူးစောင့်ရှောက်ကာကွယ်ပေးရမည်။
ကလေးများကို ပြန်ပေးဆွဲခံရခြင်းမှ ကာကွယ်ပေးရမည်။